ကျေးရွာတွင်အခြေစိုက်နေသည့် ကွန်မန်ဒိုတပ်သားများ အစားစရိတ်အတွက် ငွေမတတ်နိုင်

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၆ ရက်၊ ၂၀၀၃ ခုနှစ်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကော့ပနော့ကျေးရွာတွင် လှုပ်ရှားနေသော အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုင်းကွန်မန်ဒိုတပ်သားများသည် မိမိတို့စားသောက်ရန်အတွက် လိုအပ်သောစားစရိတ်များကို နေ့စဉ်တောင်းယူသောကြောင့် ကျေးရွာရယကဥက္ကဋ္ဌတို့က ငွေမတတ်နိုင်၍ ကြောက်ရွံ့ ငြီးငြူနေကြပါသည်။

တပ်ကြပ်ကြီးထက်နိုင် ဦးဆောင်သည့် ၄င်းကွန်မန်ဒိုတပ်သားအဖွဲ့သည် ကော့ပနော့ကျေးရွာတဝိုက်တွင် လှုပ်ရှားနေပြီ၊ ထို့သို့လှုပ်ရှားရာတွင် ၄င်းတို့စားသောက်ရန်အတွက် ကျေးရွာဥက္ကဋ္ဌမှ တစ်နေ့လျှင် ငွေကျပ် (၂၅၀၀) တောင်းယူနေခဲ့ပါသည်။

အင်အား (၂၀) ကျော်ရှိသည့် ၄င်းကွန်မန်ဒိုတပ်သားများသည် ၄င်းကျေးရွာတဝိုက်တွင် တစ်လခန့် အခြေစိုက်နေထိုင်နေခဲ့ပြီး၊ ၄င်းတို့စားသုံးရန် အစားစရိတ်အတွက် ငွေတောင်းယူနေသောကြောင့် ရယကအဖွဲ့ဝင်တို့က ယခုငွေမတတ်နိုင်တော့၍ ငြီးငြူနေကြကြောင်း ကျေးရွာသူကြီးတခုက ဆိုပါသည်။

''ရက်ကြာလာတော့ ဒီတပ်သားတွေကို ပေးဖို့ ရယကအဖွဲ့က ငွေမရှိတော့ဘူး။ ရွာသားတွေမှ ထပ်ခါထပ်ခါ ငွေမတောင်းချင်ဘူး။ ငွေမပေးနိုင်တော့ဘူး ကွန်မန်ဒိုတပ်သားတို့ကိုပြောလိုက်ရင် ကျေးရွာအပေါ် ပရမ်းပတာလုပ်မှာကို ကျနော်တို့ကြောက်တယ်။ ယခု ကျနော်တို့ ဘာဆက်လုပ်ရမှန်း မသိဘူး။ ဆက်ပြီးတော့ ငွေပေးနေရမှာလား။ ကျနော်တို့ ရယကအဖွဲ့ဝင်တွေ စိတ်ညစ်နေကြတယ်''ဟု ထိုရွာသူကြီးက ပြောပါသည်။

ငွေတောင်းယူနေသည့် ကွန်မန်ဒိုတပ်သားများသည် အရှေ့တောင်တိုင်း တိုင်းမှူးမှ ၄င်းဒေသသို့ တိုက်ရိုက်စေလွှတ်ထားခဲ့ပါသည်။

လွန်ခဲ့သည့်အချိန်များတွင် ၄င်းဒေသ၌ စစ်ကြောင်းများလှုပ်ရှားရာတွင် ရွာအတွင်းသို့ တစ်ရက်နှစ်ရက်သာ ရောက်ရှိခဲ့ပြီး၊ ယခုကဲ့သို့ စစ်သားများ ရက်ကြာကြာနေထိုင်ခြင်း မရှိခဲ့ကြောင်း၊ ငွေတောင်းယူမှုလည်း မရှိကြောင်း၊ ကျေးရွာရယကအဖွဲ့ဝင်များလည်း စစ်သားများအတွက် ငွေပေးရလေ့မရှိကြောင်း သိရပါသည်။